# မြင်သော စက္ခုဒွါရ ဝီထိစိတ်

**စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်သဖြင့်-**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘဝင်္ဂစလန | ဘဝင်္ဂုပစ္ဆေဒ | ပဉ္စဒွါရာဝဇ္ဇန်း | စက္ခုဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော-၇ | တဒါရုံ-၂ | ဘဝင် |
| လှုပ် | ဖြတ် | ဆင်ခြင် | မြင်စိတ် | လက်ခံ | စုံစမ်း | ဆုံးဖြတ် | အာရုံခံစားမှု | ထိုအာရုံပြန်ယူ | ဘဝင်ကျ |

အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။
အဝီစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ။

အညံ စိတ္တံ နိရုဇ္ဈတိ= ကြွလိုမှု, ကြွတယ်ဟု မှတ်သိမှု စသော တခြားတပါးသော စိတ်ဟောင်း ချုပ်သွား၏ (ဝါ) ချုပ်သွားသောစိတ်က တခြားတပါး ပေတည်း။

အညံ စိတ္တံ ဥပ္ပဇ္ဇတေ= ဆွဲလိုမှု, ဆွဲတယ်ဟု မှတ်သိမှုစသော တခြားတပါးသော စိတ်သစ်ဖြစ်ပေါ်လာ၏ (ဝါ) ဖြစ်ပေါ်လာသောစိတ်က တခြားတပါး ပေတည်း။

စိတ္တသန္တာနော= ရှေ့-နောက်စိတ်တို့၏ အစဉ်သည်၊ အဝီစိ အနုသမ္ဗန္ဓော= အခြားအပြတ် မထင်အောင် အစဉ်ဆက်စပ်လျက်၊ နဒီသောတော ဣဝ= မြစ်ရေအယဉ်ကဲ့သို့၊ ဝတ္တတိ= ဖြစ်နေပေ၏။